## သူ့ဘုန်းကံနှင့်သူ

ဘုန်းကံဆိုရာ၌ ပြုခဲ့ဘူးသော ကုသိုလ်ကောင်းမှုရှိခြင်းကြောင့် ရရှိသောအကျိုးတရားကို ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ကုသိုလ်ကောင်းမှုအားကြီးခဲ့လျှင် ဘုန်းကံကြီးမည်။ ကုသိုလ်ကောင်းမှုနည်း ခဲ့လျှင် ဘုန်းကံနည်းမည်ကို သိထားရ ပေမည်။ သတ္တဂါတို့၏စိတ် သည် တစ်ဦးနှင့်တစ်ဦး မတူကြခြင်းကြောင့် ပြုလုပ်ကြသော အလုပ်တို့လည်း တစ်ယောက်နှင့်တစ်ယောက် တူကြမည် မဟုတ် ပေ။ ထိုအကြောင်းတို့ကြောင့် ရရှိကြသော အကျိုးတရားတို့လည်း မတူညီကြခြင်းဖြစ်၏။ တချို့က ဥပဓိရုပ် အင်မတန်ဆိုးကြသော်လည်း တချို့က အင် မတန်ကောင်းကြ၏။ တချို့က စားဂတ်နေရေးအတွက် ပြင်းစွာရုန်း ကန်လှုပ်ရှားပြီးမှ ရကြသော်လည်း တချို့က လွယ်ကူစွာရကြပေသည်။ ထိုသို့ ကွာခြားနေတာကတော့ မတူညီသော ကံတရားတို့ကြောင့်ပင်ဖြစ်၏။ ထိုသို့ မတူညီကြသော အကျိုးတရားများသည် မတူညီသော ပြုခဲ့ဘူး သည့်ကံတရားတို့ မတူညီခြင်းကြောင့်ပင်ဖြစ်၏။ အကုသိုလ်တရား တို့ကို ပြုလုပ်နေတုန်းမှာပင် ရှေးကံ၏ အထောက်အပံ့ကောင်း ခြင်းကြောင့် ကောင်းကျိုးသုခတရားတို့ တွေ့နေရတတ်ပေသည်။ ယခု ကောင်းမှုတရားတို့ကို ပြုလုပ်နေသော်လည်း ရှေးကံ၏ အထောက်အပံ့ဆိုးခြင်းကြောင့် ဆိုးကျိုးတရား တို့လည်း တွေ့နေရတတ်ပေသည်။ ထို့ကြောင့် ယခုဖြစ်ဆဲ၌ ကောင်းမှုတရားတို့ကိုသာ များများပြုလုပ်ကြပါလေ။ ကောင်းမှု ပြုခြင်းကြောင့် ကောင်းကျိုး တရားတို့ ချက်ချင်းရနေသလို မရ တာလည်း ရှိနေတတ်ပေသည်။ ဗုဒ္ဓဂါဒသည် အကျိုးကိုလိုက်သော ဂါဒမဟုတ်၊ အကြောင်းကိုသာ ကောင်းအောင်ပြုသော ဂါဒဖြစ်သည်ကို သတိပြုရပေမည်။ တခါတရံ၌လည်း ကောင်းမှုတို့ကို ပြုလုပ်နေခြင်း၊ ရှေးကံ၏ အထောက်အပံ့ ကောင်းခြင်းတို့ကြောင့် ကောင်ကျိုးတရားတို့ သည် တဟုန်ထိုးကျရောက်လာတတ်ပေရာ ထိုအခါ၌ ရရှိသော အကျိုးတရားတို့ကို အကြောင်းပြုပြီး တစ်ယောက်နှင့်တစ် ယောက် ဂုဏ်တုဂုဏ်ပြိုင်လုပ်ခြင်း(မာန)၊ မနာလိုခြင်း (ဣဿာ)၊ ဂန်တိုခြင်း (မစ္ဆရိယ) တရားတို့ဖြစ်နေလျှင်ကား မသင့်လျော်လှပေ။ ထို မာန၊ ဣဿာ၊ မစ္ဆရိယတို့ကို မွေးမြူထားကြလျှင် နောင်သံသရာဆင်းရဲ၊

ယခုဘဂမျက်မှောက်ဆင်းရဲတို့သည် နောက်ကထပ်ကြပ်မကွာလိုက်နေဦးမည်ကို သတိပြုရပေမည်။ သူဘုန်းကံနှင့်သူရှိသောသဘောကို သာဓကဂုတ္တု ထုတ်ပြပါအံ့။ ဤ ဂုတ္တုမှာ ဗုဒ္ဓက သတ္တဂါတို့ ကုသိုလ်တရားကင်းရှင်းစွာ နေထိုင်တတ် အောင်နှင့် သူ့ဘုန်းကံနှင့်သူ အကျိုးပေးတတ်ပုံကို ဆုံးမလိုခြင်းဖြစ် သည်ဟု သိမြင်နိုင်ပါသည်။ တစ်နေ့သောအခါ၌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့် ရဟန်း သံဃာတော်တို့ ဆွမ်းခံကြွလာကြရာ ဘုရားရှင်က ပျော်ပွဲစား ထွက်လာကြ သော ကလေးငယ်တို့ကိုမြင်လေသော် ဆွမ်းခံ ဆက်မကြွတော့ဘဲ ရဟန်းတို့ကို သစ်ပင်ရိပ်တွေမှာ အနားယူ စေတော်မူ၏။ ထိုအခါ ရဟန်းတော်တို့က ဘုရားရှင်အား ဤသို့ လျှောက်ထားမေးမြန်းကြ၍ ဘုရားရှင်ကဖြေကြားတော်မူလေ၏- မေး - အရှင်ဘုရား၊ ဆွမ်းခံမကြွတော့ဘူးလားဘုရား။ ဖြေ - မကြွတော့ဘူး ချစ်သားတို့၊ တောထဲမှာဘဲဘုန်းပေးမယ်။ မေး - အရှင်ဘုရား၊ ဆွမ်းဘုန်းမပေးလျှင် ဘယ်အရာကို ဘုန်း ပေးတော်မူပါမလဲဘုရား။ ဖြေ - ချစ်သားတို့...၊ မုန့်ခဲဖွယ်တို့ကို ဘုန်းပေးမယ်။ မေး - အလှူရှင်က ဘယ်သူတွေရှိလို့ပါလဲဘုရား။ ဖြေ - အလှူရှင်တွေကတော ရှေ့မှာမြင်နေရတဲ့ ပျော်ပွဲစားထွက် လာတဲ့ ကလေးငယ်တို့ဘဲ။ အလှူခံက နောက်မှာလာလိမ့်မယ် ချစ်သားတို့...။ ရဟန်းတော်တို့သည် အလှူခံပုဂ္ဂိုလ် မည်သူဖြစ်သည်ကို စောင့်မျှော် နေချိန် နောက်၌ အရှင်မဟာကဿပကိုယ်တော်ကြီး ကြွလာရာ ကလေးတို့သည် "တို့ အရှင်ဘုရားကြီးကြွလာပြီ" ဟူ၍ အရှင်မဟာကဿပကိုယ်တော်ကြီးထံသို့ ပြေးလာကြပြီး မုန့်ခဲဖွယ် တို့ကို ဆက်ကပ်ကြလေ၏။ ထို့နောက် အရှင်မဟာ ကဿပကိုယ် တော်ကြီးက ဘုရားရှင်နှင့် ရဟန်းတော်တို့ကို ပြန်လည်ဆက်ကပ်ခဲ့လေ၏။ ဤနေရာ၌ စာဖတ်သူတို့အနေဖြင့် အဘယ်ကဲ့သို့ သုံးသပ်ကြမည် နည်း။ ဘုရားရှင်နှင့် အရှင်မဟာကဿပကိုယ်တော်ကြီး တို့တွင် အဘယ်သူက ဘုန်းကံကြီးမားပါသလဲ။ ဘုန်းကံတရား တို့ကတော့ ဘုရားကိုယ်တော်မြတ်ကြီးအား အဘယ်သူမှ ယှဉ်ခြင်းငှါ မတတ် ကောင်းပါပေ။ သတ္တဂါအားလုံးတို့၏ ကုသိုလ်ကောင်းမှုနှင့် ယှဉ်လျှင် ပင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သာပါသည်။ ထိုသာဓက၌ သူ့ကုသိုလ်ကံနှင့်သူ ဘုန်းကံ အလျောက် အကျိုးပေးခြင်း သာဖြစ်ပါ သည်။

ယခုလက်ရှိဘဝ၌ ရရှိသောအကျိုးတရားတို့သည် အတိတ်က အကြောင်းတရားများကြောင့်ဖြစ်ပါသည်။ တချို့ဉာဏ်ကောင်းသည်၊ တချို့ဉာဏ်မကောင်းကြ။ တချို့ ချမ်းချမ်းသာသာနေနိုင်ကြသည်၊ တချို့ ဆင်းရဲမွဲတေကြသည်။ ကိုယ်ထက်သာလို့ မနာလို မဖြစ်ကြ နှင့်။ ပြုခဲ့သောကံတရားတို့ မတူညီကြတာ ဖြစ်ခြင်းကြောင့် ရရှိသောအကျိုးခြင်းလည်း မတူညီကြခြင်းဖြစ်ပေသည်။ အတိတ်က ပြုခဲ့သော ကံတရားတို့ကြောင့် ယခုရရှိခံ စားရပေသည်။ ယခုပြု သောကံတရားတို့သည် နောင်ခံစားရပေမည်။ နောင်ဆိုရာ၌ နောက် ဘဝတစ်ခုတည်းကိုဘဲ မမှတ်ယူ သင့်ပေ။ ထိုသို့ တစ်ခုတည်းကိုသာ မှတ်ယူလိုက်လျှင် နောက် ဘဝကောင်းစားဘို့အရေး ယခုဘဝ ကုသိုလ်လုပ် ဆိုသလို ဖြစ်နေပေမည်။ နောင်ဘဝတွေတပ်မက်ပြီး ကုသိုလ်လုပ်နေပြန် လျှင်လည်း ကိုယ်ခန္ဓာကိုယ်ကို ရောင်းစားနေ သလို ဖြစ်နေပေမည်။ ထို့ကြောင့် ဗုဒ္ဓ၏အဆုံးအမအတိုင်း ဘဝတွေကို မတပ်မက်ဘဲ ဘဝကုန်ရာ၊ ဒုက္ခတွေချုပ်ငြိမ်းရာ နိဗ္ဗာန် သို့သာ အလိုရှိသောဆန္ဒဖြင့် ကုသိုလ်တရားတို့ကို ပြုလုပ်ကြပါကုန်။ ကိုယ်ပြုသော ကံတရားတို့သည် အရိပ်ကဲ့သို့ ထပ်ချပ်မကွာ လိုက်ပါ နေမှာဖြစ်ခြင်းကြောင့် ဆုတောင်းတာ မတောင်းတာက အဓိကမကျ ဘဲ ပါရမီအလုပ်တို့ကို ပြုလုပ်နေဘို့ကသာ အဓိက ကျတာဖြစ်ခြင်း ကြောင့် ပါရမီအလုပ် နေ့စဉ်ပြုလုပ်ကြပါကုန်။

စာဖတ်သူတို့အားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝနိုင်ကြပါစေ။

သူတစ်ပါးတို့၏ မသင့်လျော်သော အပြစ်အနာအဆာတို့ကို မကြည့်ရှုရာ၊
သူတစ်ပါးတို့၏ ကောင်းမှု၊ မကောင်းမှုပြု၊ မပြုကို မကြည့်ရှုရာ၊
မိမိ၏ကောင်းမှု မကောင်းမှု ပြု၊ မပြုကိုသာလျှင်ကြည့်ရာ၏။ (ဓမ္မပဒ)